**MOHT COVID-19 Resilience Package (6)**

**National Guide Training for Regional Guides with Recognized Language Proficiency Certificates**

**ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း (National Guide)**

- ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် Coronavirus Disease 2019 – COVID-19 ကြောင့် ခရီးသွားလုပ်ငန်း ကျဆင်းလျှက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်များအတွက် ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းကို ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးရုံးခွဲတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။
- ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းတွင် National Skill Standard Authority (NSSA) မှ အတည်ပြုထုတ်ပြန်ထားသော Tour Guide – Level 3, National Tour Guide မှ Basic Competency Unit ၂ ခု၊ Industrial Competency Unit ၇ ခု နှင့် Technical Competency Unit ၅ ခု အပေါ် အခြေခံ၍ သင်ကြားပေးမည်ဖြစ်ပါသည်။
- ဘွဲ့တစ်ခုခုရရှိ၍ ဘာသာစကားတတ်ကျွမ်းမှုအသိအမှတ်ပြုလက်မှတ် (Intermediate Level) ရှိပြီး ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် သက်တမ်း (၂)နှစ် ရရှိထားသည့် ဒေသဆိုင်ရာဧည့်လမ်းညွှန် (Regional Guide) များ တက်ရောက်နိုင်ပါသည်။
- သင်တန်းကာလမှာ (၃) လ သင်တန်းဖြစ်ပြီး သင်တန်းများကို COVID-19 Lockdown အလွန်ကာလတွင် စတင်ဖွင့်လှစ်ရန် လျာထားပါသည်။
- သင်တန်းကြေး ကျပ် တစ်သိန်းငါးသောင်း ကို COVID 19 Stimulus Package မှ ကျခံသွားမည်ဖြစ်ပါသည်။
- အပတ်စဉ်တစ်ခုလျှင် သင်တန်းသား (၂၀) ဦးဖြင့် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးရုံးခွဲတို့တွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသည်။
- သင်တန်းပြီးဆုံးပါက ဧည့်လမ်းညွှန်(National Guide) လိုင်စင်ဝင်ခွင့်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုပြီး အောင်မြင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင် (National Tour Guide License) ကို လျှောက်ထားနိုင်မည်ဖြစ်ပါသည်။
- သင်တန်းသားရွေးချယ်မှုကို ဝန်ကြီးဌာနမှ ကြီးကြပ်ပြီး ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးရုံးခွဲတို့တွင် ရွေးချယ်သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့တက်ရောက်လိုသည့် သင်တန်းဌာနသို့ လိပ်မှူ၍ လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။
- Online မှ လျှောက်ထားရန် : လျှောက်လွှာများကို https://bit.ly/2Lz7BUg မှ Download ရယူဖြည့်စွက်ပြီးလျှင် moth.covid.rp6@gmail.com သို့ ပေးပို့ပါရန်။

Announcement for PK(6)